**နှလုံးရောဂါဝေဒနာများအား တိုင်းရင်းဆေးဖြင့်ကုသခြင်း**

သီဟမင်းသိန်း၊ တိုင်းရင်းဆေးပညာဦးစီးဌာန

နှလုံးရောဂါများကို တိုင်းရင်းဆေးပညာ တိုင်းရင်းဆေးဝါးတို့ဖြင့် သက်သာပျောက်ကင်းအောင် ကုသပေးနိုင်သည်ကို သုတေသနပြုတင်ပြခြင်းဖြစ်ပါသည်။ တိုင်းရင်းဆေးပညာဖြင့် နှလုံးရောဂါဝေဒနာများကို အထောက်အကူပြုဆေးဖက်ဆိုင်ရာ ပစ္စည်းများကို အသုံးပြုလျက် သက်စာပျောက်ကင်းစေရန် စနစ်တကျရောဂါ ရှာဖွေ၍ စနစ်တကျ အာနိသင်ရှိသော ကုထုံးကုကွက် ဆေးဝါးများဖြင့် ကုသပေးနိုင်ပါသည်။ ဆောင်ရန်၊ ရှောင်ရန်နှင့် လိုက်နာရန်၊ နောက်ထပ် ပြန်မဖြစ်စေရန်တို့အတွက် ကာကွယ်ကုသနည်းများကို လက်တွေ့ကုသ သုတေသနပြုတင်ပြထားခြင်း ဖြစ်ပါသည်။ ထိုကဲ့သို့ပြထားရာတွင် တိက္ခနှလုံးရောဂါအုပ်စုဝင် လူနာ(၃)ဦး၊ မန္ဒအုပ်စုဝင် နှလုံးရောဂါ လူနာ (၃) ဦး၊ ဝိသမ နှလုံးရောဂါ အုပ်စုဝင် လူနာ ဦးစုစုပေါင်း(၁၀)ဦးတင်ပြထားခြင်းဖြစ်ပါသည်။